# ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ လေ့လာနိုင်ကြောင်းအသိပေးကြေညာခြင်း

## အောက်တိုဘာလ ၂၄ ရက်

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အတွင်း ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် **၆-၁၁-၂၀၂၀ ရက်နေ့ နှင့် ၇-၁၁-၂၀၂၀ ရက်နေ့** များတွင် ကြိုတင်ဆန္ဒမဲ ပေးကြမည် ဖြစ်ပါသည်။

၂။ ထို့အတူ ခရီးအလှမ်းဝေးကွာသော ဒေသများရှိ မဲဆန္ဒနယ်အတွင်း ဆေးရုံတက်ရောက် နေရသူများ၊ အချုပ်ခံနေရသူများ နှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ နိုင်ငံတော်တာဝန်များဖြင့် ခရီးဝေးသွားလာရန်ရှိသော အောက်ဖော်ပြပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၇-၁၁-၂၀၂၀ ရက်နေ့** အထိ ကြိုတင်ဆန္ဒမဲပေးကြမည် ဖြစ်ပါသည်-

(က) **ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊**

(ခ) **တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့ အစည်းဝင်များ၊**

(ဂ) **တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊**

(ဃ) **ရွေးကောက်ပွဲတာဝန် ထမ်းဆောင်ရန်အတွက် ကြိုတင်ဆန္ဒမဲပေးရန် အမှန် တကယ် လိုအပ်သူများ။**

၃။ **ထို့အပြင်** ယခုကာလတွင်ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှု အခြေအနေများအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အထူးကိစ္စရပ်များအနေဖြင့် ကြေညာချက် ထုတ်ပြန်၍ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုထားသော အောက်ပါမဲဆန္ဒရှင်များသည် **၂၅-၁၀-၂၀၂၀ ရက်နေ့မှ ၇-၁၁-၂၀၂၀ ရက်နေ့** အတွင်း သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်

အဖွဲ့ခွဲများက သတ်မှတ်သည့် နေ့ရက်၊ အချိန်နှင့် နေရာများအတိုင်း ကြိုတင်ဆန္ဒမဲများ ပေးကြမည် ဖြစ်ပါသည်-

(က) **မိမိနေရပ်သို့ ပြန်လည်၍ ဆန္ဒမဲ မပေးနိုင်သူများ၊**

(ခ) Stay at Home **အဖြစ်သတ်မှတ်ထားသော မြို့နယ်များနှင့်** လူဦးရေထူထပ်သော မြို့နယ် (၁ စတုရန်း ကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ နှင့်အထက်) တွင် နေထိုင်သော **အသက် ၆၀ နှစ် နှင့်အထက် မဲဆန္ဒရှင်များ၊ (သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒရှင်များ၏ နေအိမ်သို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲ ရယူမည်ဖြစ်ပါသည်)**

(ဂ) **ကျန်မြို့နယ်များတွင် နေထိုင်သော အသက် ၆၀ နှစ် နှင့်အထက် မဲဆန္ဒရှင်များ၊ (မဲဆန္ဒရှင်များက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးရမည် ဖြစ်ပါသည်)**

(ဃ) Quarantine Center **များတွင်** Quarantine **ဝင်ရောက်နေသူ မဲဆန္ဒရှင်များ၊** (Facility Quarantine, Hotel Quarantine, Community Based Facility Quarantine, Home Quarantine of secondary contact, locked down, ...)။

၄။ သို့ဖြစ်ပါ၍ အထက်ပါ ကြိုတင်ဆန္ဒမဲပေးခြင်းများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့်အညီ မဲဆန္ဒရှင်၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်